ဝိန္ဒေကုန်းကျေးရွာ
လေရှိုးမြို့နယ်

အကြောင်းအရာ။ ။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဝိန္ဒေကုန်းကျေးရွာ၊ လေရှိုးမြို့နယ်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်။

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ မတ်လ(၃၁)ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၁
	ပိန္နဲကုန်းကျေးရွာသဘာဝအရင်းအမြစ်ပြမြေပုံ၊လေ့ရှိုးမြို့	၂
	ရာသီခွင်ပြ ပြက္ခဒိန်	၃
	ဥစ္စခနအဆင့်သတ်မှတ်ခြင်း	၄
	အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်	
၁။	**နိဒါန်း**	**၅**
	(က)ရည်ရွယ်ချက်	
၂။	**ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**	**၅**
	(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	
	(ခ) သဘာဝအရင်းအမြစ်များ	
၃။	**ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	**၅**
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	
	(ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု	
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	
	(ဃ) ကျန်းမာရေးနှင့် အဟာရ	
	(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	
	(စ) ကျား-မဆိုင်ရာဆက်နွယ်မှု	
၄။	**ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**	**၆**
	(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်	
	(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ	
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	
	(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု	
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
	(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
	(ဆ) လူငယ်နှင့် ယဉ်ကျေးမှု	
	(ဇ) ခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်း နှင့်ဆက်သွယ်ရေး	
	(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	
၅။	**ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**	**၇**
	(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ	

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ **၈**

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

၇။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ **၉**

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် **၁၀**
အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

(ခ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

နောင်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ **၁၆**

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နှပ်စာ စားနိုင်သည့်အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်လျှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂)ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ **၂၄-၄၃**

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်မျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်လမ်းများ
ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်လမ်း
ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများ

ဃ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်အခွင့်လမ်းပြဿနာနှင့် အခက်အခဲများ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်
ဇယား(၂၉) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း ၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား(၃၄) အဖြစ်များသော ရောဂါများ
ဇယား(၃၅) လွန်ခဲ့သော (၁၂) လ အတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား(၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား(၄၁) ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၄၅)　ဆက်သွယ်ရေးနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၆)　ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၇)　ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု
ဇယား(၄၈)　မှုခင်းဖြစ်ပွားမှုအခြေအနေ

စကားချီး


ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခု၊ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ယခုစီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများကို ပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊မွေး မြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနနှင့် စီမံချက်ရေးဆွဲနိုင်ရန်အတွက် လိုအပ်သောကျေးရွာဆိုင်ရာအချက်အလက်များကို တက်တက်ကြွကြွ ဖြေကြားပေးကြပါသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ရပ်မိရပ်ဖများ၊ရွာသူရွာသားများနှင့် သက်ဆိုင်ရာဦးစီးဌာနများမှ ဝန်ထမ်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် လိုအပ်သောသတင်းအချက်အလက်များ၊ ကိန်းဂဏန်းများနှင့် လူနေမှုဆိုင်ရာအကြောင်းအရာများကို စစ်တမ်းကောက်ခံရသည့်အတွက် မိမိတို့ကျေးရွာ၏ လက်ရှိအခြေအနေများနှင့် ကျေးရွာဆိုင်ရာအချက်အလက်များကိုသိရှိရပါသည်။ ဘက်စုံ၊ကဏ္ဍစုံတွင် ကြုံတွေ့လာရသည့် အခက်အခဲများကိုလဲ လူအများပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းတတ်လာသည်။ ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၊ ဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရခြင်းတို့ကြောင့် ရွာသူ/သားများ၏ အတွေးအခေါ်များ၊ စွမ်းဆောင်ရည် များလည်း မြင့်တက်လာခဲ့ပါသည်။

ဤစီမံချက်စာအုပ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို ဖော်ပြထားပါသည်။ အပိုင်း(ခ)တွင် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများကို ပူးတွဲဖော်ပြထားပါသည်။

ကျေးရွာသယံဇာတမြေပုံ

မိန့်ကုန်းကျေးရွာ၊ ဒိန်းကလိန်းကျေးရွာအုပ်စု၊ လေချီးမြို့နယ်



ရက်စွဲ ။ ။ ၁၉.၁.၂၀၁၈

ಸಮಯ ॥ ೪ ಗಂ - ೨ ನಿ. ೨೦೨೨ ॥ ಅಂಕ: ೨೦

ಪ್ರಶ್ನೆ ೧ ರಿಂದ ೨೦ ರವರೆಗಿನ ಪ್ರಶ್ನೆಗಳಿಗೆ ಉತ್ತರಿಸಿರಿ.

ಸಮಯ/ವಿವರ	ಮಂಗಳವಾರ	ಬುಧವಾರ	ಗುರುವಾರ	ಶುಕ್ರವಾರ	ಶನಿವಾರ	ಭಾನುವಾರ	ಸೋಮವಾರ	ಮಂಗಳವಾರ	ಬುಧವಾರ	ಗುರುವಾರ
ಬೆಳಿಗ್ಗೆ: ಹವಾಮಾನ:	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು	ಬಿಸಿಲು
ಮಧ್ಯಾಹ್ನ: ಹವಾಮಾನ:	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ	ಮೋಡ ಕವಿದ ವಾತಾವರಣ
ಸಂಜೆ: ಹವಾಮಾನ:	ಮಳೆ	ಮಳೆ	ಮಳೆ	ಮಳೆ	ಮಳೆ	ಮಳೆ	ಮಳೆ	ಮಳೆ	ಮಳೆ	ಮಳೆ
ರಾತ್ರಿ: ಹವಾಮಾನ:	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ	ಗುಡುಗು ಸಹಿತ ಮಳೆ
ಕೆಳಗಿನ ಪ್ರಶ್ನೆಗಳಿಗೆ ಉತ್ತರಿಸಿರಿ:										
ಕೆಳಮಟ್ಟದ ಮೋಡಗಳು:										
ಮಧ್ಯಮ ಮಟ್ಟದ ಮೋಡಗಳು:										
ಎತ್ತರದ ಮಟ್ಟದ ಮೋಡಗಳು:										
ಮಳೆಯ ಪ್ರಮಾಣ:										
ಮಳೆಯ ಪ್ರಕಾರ:										

ಪ್ರಶ್ನೆ ೧ ರಿಂದ ೧೦ ರವರೆಗಿನ ಪ್ರಶ್ನೆಗಳಿಗೆ ಉತ್ತರಿಸಿರಿ.

ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

ပိန္နဲကုန်းကျေးရွာ၊လေရှိုးမြို့နယ်

အကြောင်းအရာ	**အဆင်ပြေသော အိမ်ထောင်စု**	**အလယ်လတ်ရှိသော အိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၅ ဧက	၃ ဧက	၁ ဧက	မပိုင်
အိမ်အခြေအနေ	သစ်သားခင်း၊ သစ်သားကာ၊ သွပ်မိုး	သစ်သားခင်း၊ ဝါးထရံကာ၊ သွပ်မိုး	သစ်သားခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး	ကြမ်းခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	-	-	-	-
အဓိကစီးပွားရေးလုပ်ငန်း	တောင်သူ	တောင်သူ	ကျပန်းအလုပ်	ကျပန်းအလုပ်
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	ဆန်စက် ဆိုင်ကယ် ခိုင်းနွား	ဆိုင်ကယ် ခိုင်းနွား	မပိုင်	မပိုင်
အိမ်ထောင်စု	၃	၃၀	၃	၅

အပိုင်း(က)

ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။

(၅)နှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လက်ရှိလူမှုစီးပွား ရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကျေးရွာဆိုင်ရာအချက်အလက်များ၊ ဒေသရှိသဘာဝအရင်းအမြစ်များ၊ ဘက်စုံကဏ္ဍစုံတွင် လူအများပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းများသည် ဖွံ့ဖြိုးရေးကို အထောက်အပံ့ ဖြစ်စေပါသည်။

ဤစီမံချက်ရေးဆွဲခြင်းအားဖြစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလေးပေးဆောင်ရွက်ရမည့်လိုအပ်ချက်များကို လူထုကိုယ်တိုင်ဆန်းစစ်ဖော်ထုတ်ပြီး လိုအပ်သောရန်ပုံငွေများကို ရေးဆွဲလျာထား၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် အလေ့အထများ ပိုမိုအားကောင်းစေရန်၊ ရွာသူရွာသူများမှ မိမိတို့အရေးကို မိမိတို့ကိုယ်တိုင် ပါဝင်သုံးသပ်နိုင်စွမ်းရှိစေရန်၊ မြို့နယ်အဆင့်တာဝန်ရှိသူများက ကျေးရွာအခြေအနေများနှင့် ရွာသူရွာသားများ၏ လိုလားချက်များကိုသိရှိခြင်းအားဖြင့် မှန်ကန်သောဖွံ့ဖြိုးရေးစီမံကိန်းများကိုချမှတ်ပေးနိုင်စေရန် ရည်ရွယ်ပါသည်။

၂။ ကျေးရွာ၏ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) **တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ရော်ရမ်းကျေးရွာသည် လေရှီးမြို့၏အရှေ့တောင်ဘက် ဟုမ္မလင်းမြို့ နယ်နိမိတ်နှင့်ကပ်လျက်တွင် တည်ရှိပြီး ပွင့်လင်းရာသီတွင်သာ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။ တောင်ပေါ်ဒေသဖြစ်သော်လည်း ကျေးရွာ၏မြေမျက်နှာသွင်ပြင်သည် အနည်းငယ်ပြန့်ပြူးပြီး တောင်ယာခုတ်၍ သီးနှံများစိုက်ပျိုးခြင်းကိုသာ အဓိက လုပ်ကိုင်ကြပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ရွာ၏မနီးမဝေးတွင် သစ်တောများ၊ဝါးတောများရှိပါသည်။ရွာအနီးရှိချောင်းများမှ သဲ၊ကျောက်များကိုထုတ်ယူသုံးစွဲနိုင်ပါသည်။

၃။ ကျေးရွာ၏ဖွံ့ဖြိုးရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၄၁)နှင့် ကျား(၁၄၅) ၊မ(၁၄၂)ဦးဖြင့် လူဦးရေပေါင်း(၂၈၇)ဦး နေထိုင်ကြသည်။

နာဂလူမျိုးများ နေထိုင်လျက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

လယ်ယာနှင့်တောင်ယာစိုက်ပျိုးရေးကိုသာ အဓိကဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏စီးပွား ရေးအခြေအနေမှာ အသင့်အတင့်သာဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု၏ (၁၀%)မှာ ဆင်းရဲပြီး (၂၀%)မှာအလွန်ဆင်းရဲကြပါသည်။ စီးပွားရေးအဆင်ပြေသောအိမ်ထောင်စုမှာ (၈၀%)ခန့် ရှိပါ သည်။

၅

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်ရာသီအလိုက် လယ်ယာနှင့်တောင်ယာစိုက်ပျိုးခြင်းဖြင့် လုပ်ကိုင်စားသောက်လျက် ရှိပါသည်။ စစ်တမ်းကောက်ယူမှုအရ ကျေးရွာ၏စီးပွားရေးအဆင်မပြေသော အိမ်ထောင်စု (၈)စုမှ (၃၀%)သည် သူတပါးထံမှချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းများဖြင့် အသက်မွေးလျက်ရှိပါသည်။

(ဃ) ကျန်းမာရေးနှင့်အဟာရ

ကျေးရွာရှိအိမ်ထောင်စုများသည် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရချို့တဲ့မှုများလည်း ဖြစ်ပေါ် ခြင်းမရှိပါ။ ကျေးရွာသည် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဘေးရွာမှကျေးလက်ကျန်းမာရေးဌာနခွဲနှင့် လေရှိုးမြို့နယ်ဆေးရုံကြီးကိုသာ အားထားနေရပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှု

ကျေးရွာတွင် လူအများစုသည် အခြေခံပညာအဆင့်သာတတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်နည်း ပါးသည်။ အခြေခံပညာကိုရွာရှိမူလတန်းကျောင်းနှင့်အထက်တန်းပညာကို လေရှိုးမြို့ကျောင်းတွင် သင်ကြား ရပါသည်။

(စ) ကျား၊ မ ဆိုင်ရာဆက်နွယ်မှု

ကျား၊မရေးရာကိစ္စနှင့်ပတ်သက်၍ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့နှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ဘာသာ ရေးအဖွဲ့များ ဖွဲ့စည်းထားမှုကြောင့် လူမှုဆက်ဆံရေးအဆင်ပြေပါသည်။ ကျေးရွာအဖွဲ့အစည်းတိုင်းတွင် အမျိုးသမီးများပါဝင်နေသော်လည်း အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများပါဝင်မှု အားနည်းနေကြောင်း တွေ့ရှိရပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ယဉ်ကျေးမှုအဖွဲ့၊ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများ၊ အမျိုးသမီး၊ လူငယ်အဖွဲ့အစည်းများ၊ လူမှု ရေးအဖွဲ့အစည်းများရှိပြီး ကဏ္ဍအလိုက်လုပ်ကိုင်ဆောင် ရွက်နေကြသော်လည်း ချိတ်ဆက်မှု အားနည်းသော ကြောင့် စီမံအုပ်ချုပ်မှုစနစ်များတွင် အခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိပါသည်။

(ခ) သီးနှံ၊ သား၊ ငါးထုတ်လုပ်ရေးကဏ္ဍ

လယ်ယာကို အဓိကစိုက်ပျိုးကြပြီး ဥယျာဉ်ခြံများလည်း လုပ်ကိုင်လျက်ရှိပါသည်။ မွေးမြူရေး ကဏ္ဍတွင် ကြက်၊ဝက်၊နွားနောက်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး နွားများကို လုပ်ငန်းခွင်တွင်ခိုင်း စေရန် မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းများ

စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းအနေဖြင့် ကျပန်းနေ့စားအလုပ်များ ဖြင့်သာ အဓိကလုပ်ကိုင်နေရပါသည်။ ကျေးရွာအတွင်း အလုပ်အကိုင်ရှားပါမှုကြောင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် အမှိုက်သရိုက်များကို စနစ်တကျစွန့် ပြစ်ခြင်းမရှိသည်ကို တွေ့ရှိရသောကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း အသိပညာပေး ဟောပြောပွဲများ ပြုလုပ်သင့်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ငွေချေးယူခြင်းနှင့်ပတ်သက်၍ ဘဏ်နှင့်ပြင်ပချေးငွေမရှိသည့်အတွက် မိတ်ဆွေ အပေါင်းအသင်းများထံမှချေးယူ၍ ပညာရေး၊ ကျန်းမာရေးနှင့် စားနပ် ရိက္ခာအတွက် ဖြေရှင်းနေကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းသာရှိပါသည်။ ပညာရေးအနေဖြင့် အခြေခံနှင့်အထက်တန်း အဆင့် သာရှိပြီး ဘွဲ့ရအနည်းငယ်သာရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဘေးရွာမှကျန်းမာရေးဌာနခွဲ နှင့် လေရှိုးမြို့ဆေးရုံကြီးကိုသာ အားထားနေရပါသည်။ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ထိန်းသိမ်း ရေးတွင် အားနည်းကြောင်း တွေ့ရှိရပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် နေရာများမရှိပါ။ ရိုးရာယဉ်ကျေးမှုအ ဖွဲ့များ ဖွဲ့စည်းထားရှိပြီး ဘာသာရေးပွဲတော်များတွင် ရိုးရာအကများဖြင့် တင်ဆက်ကပြကြသည်။

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှုလမ်းတံတား၊လျှပ်စစ်စွမ်းအားသတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် အခြေခံအဆောက်အဦများ လိုအပ်နေပါသည်။ လျှပ်စစ်မီးအသုံးပြုရာတွင် အသေးစားရေအားလျှပ်စစ်ဖြစ်သောကြောင့် ရေနည်းချိန်များတွင် အသုံးမပြုနိုင်ပါ။ ဖုန်းတိုင်များနှင့်အလှမ်း ဝေးသောကြောင့် သတင်းနှင့်ဆက်သွယ်ရေးမှာ ခက်ခဲလျက်ရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံးရေး အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများမှ စီမံအုပ်ချုပ်လျက်ရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများ နှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် လယ်ယာစိုက်ပျိုးခြင်းနှင့် ဥယျာဉ်ခြံစိုက်ပျိုးခြင်းများကို လုပ်ကိုင်လျက်ရှိပါသည်။ ရွာအနီးရှိချောင်းများမှ သဲ၊ကျောက်များကို ထုတ်ယူသုံးစွဲနိုင်ပါသည်။ ကြက်၊ဝက်၊နွားနောက်များကို တပိုင်တနိုင်မွေးမြူထားပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

လယ်ယာမြေများမှာ မြေဆီဩဇာအားနည်းပြီး မိုးရေကိုသာအဓိကထားစိုက်ပျိုးရသောကြောင့် မိုးခေါင်မှုနှင့်ကြုံတွေ့လာပါက သီးနှံထွက်နှုန်းနည်းပြီး စားဝတ်နေရေးခက်ခဲမှုများ တွေ့ရှိရပါသည်။ ကျေးရွာချင်းဆက်လမ်းနှင့်မြို့သွားလမ်းမှာ ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်ပါသည်။ ပညာရေး၊ လူမှုရေးနှင့်ကျန်းမာရေး များကိုလည်းထိခိုက်ပါသည်။ ထို့အပြင် ငွေကြေးအရင်းအနှီးမတတ်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ရှားပါခြင်းတို့ကြောင့် စီးပွားရေးမပြေလည်မှုများ ကြုံတွေ့ နေရပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်(၅)နှစ်တာကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တောင်သူလယ်သမားတို့၏ ခွဲ ၊ လုံ့လ ၊ ဝီရိယတို့ဖြင့် ထုတ်ကုန်များတိုးတက်အောင်မြင်လာအောင် ကြိုးစားဆောင်ရွက်ပါမည်။

(၂) ကျွန်ုပ်တို့လူထုသည် ပညာရေး၊ ဘာသာရေး ၊ လူမှုရေးစသည့် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် စွမ်းဆောင်ရည်တိုးပွားလာစေရန် လက်တွဲဆောင်ရွက်သွားပါမည်။

(ခ) အကောင်အထည်ဖော်နည်းပညာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်

ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အရင်းအနှီးငွေ ၊နည်းပညာများ အသုံးချနိုင်စွမ်းရှိလာစေရန် အစိုးရဘဏ်(သို့မဟုတ်)အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရမည်။

(၂) အရင်းနှီးငွေရရှိ လာပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင်ခွဲဝေပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

၇။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

(က) ဦးစားပေးစီမံချက်

စဉ်	စီမံချက်လုပ်ငန်းအမည်	အဖွဲ့ (၁)	အဖွဲ့ (၂)	အဖွဲ့ (၃)	အဖွဲ့ (၄)	အဖွဲ့ (၅)	အဖွဲ့ (၆)	အဖွဲ့ (၇)	စုစုပေါင်းမှတ်	အဆင့်
၁။	ရေအားလျှပ်စစ်ရေလှောင်တမံတိုးချဲ့တည်ဆောက်ခြင်းနှင့် ရေလှောင်ကန်တိုးချဲ့ခြင်း	၁၀	၁၀	၉	၉	၁၀	၁၀	၉	၆၇	၁

၂။	ကျေးရွာတွင်းရိပ်သာတည်ဆောက်ခြင်း	၆	၆	၁၀	၆	၉	၉	၁၀	၅၆	၂
၃။	အားကစားကွင်းဖောက်လုပ်ခြင်း	၅	၆	၁၀	၈	၁၀	၆	၈	၅၃	၃
၄။	ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	၉	၅	၈	၃	၅	၁၀	၇	၄၇	၄
၅။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၅	၃	၁၀	၈	၉	၇	၄	၄၆	၅

(ခ) အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။	ရေအားလျှပ်စစ်၊ရေလှောင်တမံတိုးချဲ့တည်ဆောက်ခြင်းနှင့် ရေလှောင်ကန်တိုးချဲ့ခြင်း	၁	✓				
၂။	ကျေးရွာတွင်းရိပ်သာတည်ဆောက်ခြင်း	၂		✓			
၃။	အားကစားကွင်းဖောက်လုပ်ခြင်း	၃			✓		
၄။	ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	၄				✓	
၅။	ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၅					✓

၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးရှမွေလ	ဦးစော်ကီမူ	၅/လရန(နိုင်) ၀၀၃၀၁၉	၂၃	ဥက္ကဋ္ဌ	-
၂။	ဦးဝူးဆာကဲ	ဦးဆယ်ချော	၅/လရန(နိုင်) ၀၀၁၁၅၈	၄၃	ဘဏ္ဍာထိန်း	-

၃။	ဦးခေါမူး	ဦးဟော်လယ်	၅/လရန(နိုင်) ၀၀၈၂၈၂	၄၈	အဖွဲ့ဝင်	-
၄။	ဦးငူးငူး	ဦးစံမူး	၅/လရန(နိုင်) ၀၁၁၆၄၃	၃၃	။	-
၅။	ဦးလယ်ဟော်	ဦးကျိုးဆန်းဦး	၅/လရန(နိုင်) ၀၀၄၉၈၁	၂၆	။	-
၆။	ဦးမာစော	ဦးပုံစောင်းဦး	၅/လရန(နိုင်) ၀၁၁၂၁၅	၅၀	။	-
၇။	ဦးလီဂျက်မူ	ဦးမောင်မာ	၅/လရန(နိုင်) ၀၀၉၃၆၂	၂၅	အတွင်းရေးမှူး	-

(ခ) ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်

ရပ်မိရပ်ဖအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှုအားနည်းခြင်း	- အဖွဲ့အစည်းဆိုင်ရာသင်တန်းပေးမှုအားနည်းခြင်း၊ ချိတ်ဆက်မှုမရှိခြင်း -အဖွဲ့အစည်းဆိုင်ရာအဆောက်အဦးမရှိခြင်း	-အရေးကြုံလာပါက တက်ညီလက်ညီပါဝင်ခြင်း -အုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းထားခြင်း	-ပူးပေါင်းဆောင်ရွက်ရန် လှုံ့ဆော်မှုအားနည်းခြင်း -အုပ်ချုပ်မှုဆိုင်ရာသင်တန်းတက်ရောက်မှုအားနည်းခြင်း -အဖွဲ့အစည်းဆိုင်ရာစည်းကမ်းနှင့်လူမှုရေးရောထွေးခြင်း	-မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ အုပ်ချုပ်မှုဆိုင်ရာအကူအညီများတောင်းခံခြင်း၊ -သင်တန်းတက်ရောက်ခြင်း	- အုပ်ချုပ်မှုဆိုင်ရာသင်တန်းများတက်ရောက်ခြင်း၊ စီမံချက်ရေးဆွဲခြင်း -သတ်မှတ်စည်းကမ်းချက်များအား မပျက်မကွက်လိုက်နာခြင်း -ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးခြင်း
၂။	ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုအားနည်းခြင်း	-မိဘများ ပညာရေးကဏ္ဍတွင်ပူးပေါင်းပါဝင်မှုအားနည်းခြင်း - ကျောင်းသုံးပရိဘောဂအလုံအလောက်မရှိခြင်း	-ကျောင်းသူ/သားများနှင့် ဆရာ/မများ ကြိုးစားအားထုတ်မှုရှိခြင်း	-လူတစ်ဦးချင်းစီအတွက် မိမိဘဝရပ်တည်နိုင်ရန် ပညာရေးကဏ္ဍ၏အရေးပါပုံတို့ကို မိဘများသိရှိစေရန် အသိပညာပေးမှုအားနည်းခြင်း	- ပညာရေးဌာနမှတာဝန်ရှိသူများနှင့် ပူးပေါင်း၍ မိဘ/ဆရာ/ကျောင်းသားစုပေါင်းဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊လိုအပ်ပါက ရုပ်မြင်သံကြားစက်များဖြင့် ပညာရေးအသိ	-အိမ်တိုင်းတွင် ပညာရေး အသိပညာပေးပြကွဒိန်စာစောင်များဖြန့်ဝေခြင်း

					ပညာပေးဗီဒီယိုများပြသခြင်း	

တောင်သူအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	စိုက်ပျိုးမြေရရှိမှုနည်းပါးခြင်း	-တောင်ပေါ်ဒေသဖြစ်သည့်အတွက် စိုက်ပျိုးမြေချဲ့ထွင်ရန်ခက်ခဲခြင်း -တောင်ယာလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် သစ်တောပြုန်းတီးခြင်း	-မြေဆီမြေဩဇာကောင်းမွန်ခြင်းကြောင့်လယ်မြေများဖော်ထုတ်နိုင်ပါကသီးနှံအထွက်တိုးနိုင်ခြင်း	-လယ်ယာမြေဖော်ထုတ်ရန် စက်ယန္တရားအသုံးမပြုနိုင်ခြင်း -ငွေကြေးမလုံလောက်ခြင်း	- လယ်ယာမြေဖော်ထုတ်နိုင်ရန် မြေနေရာသတ်မှတ်ခြင်း -စိုက်ပျိုးရေးဦးစီးဌာန (သို့)ဆည်မြောင်းဦးစီးဌာန နှင့်ပူးပေါင်း၍ ဆောင်ရွက်ခြင်း	-လယ်ယာမြေဖော်ထုတ်ခြင်း -ကျေးရွာအိမ်ထောင်စုများအား ခွဲဝေပေးခြင်း -အကျိုးပြုအိမ်ခြေလူဦးရေစနစ်တကျစီမံတွက်ချက်ခြင်း
၂။	မွေးမြူရေးတိရစ္ဆာန်များ ကူးစက်ရောဂါများပြားခြင်းနှင့် ပျောက်ဆုံးမှုများခြင်း	-စားကျက်မြေနည်းပါးခြင်းကြောင့် ခြံခတ်၍ တသီးတသန့်မွေးနိုင်ခြင်း -တောခွေးအန္တရာယ်စိုးရိမ်ရခြင်း	-မွေးမြူရေးတိရစ္ဆာန်ဈေးကွက်ကောင်းမွန်ခြင်း -ဝယ်လိုအားကောင်းခြင်း	-စားကျက်မြေမဖော်ထုတ်နိုင်ခြင်း -တောခွေးအန္တရာယ်များစုပေါင်းကာကွယ်မှုအားနည်းခြင်း	-တိရစ္ဆာန်စားဆေး၊ ထိုးဆေးများအလွယ်တကူရရှိရန်ဆောင်ရွက်ခြင်း -ရွာနယ်နိမိတ်အား ခြံစည်းရိုးစနစ်တကျကာရံခြင်း	-ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း -ဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်ရေးဆွဲ၍ ဇတ်တိုက်လေ့ကျင့်ခြင်း

လူငယ်အဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုအားနည်းခြင်း	-ရရှိထားသော ရန်ပုံငွေများအား စနစ်တကျခွဲဝေသုံးစွဲမှုမရှိခြင်း -စာရင်းဇယားကိုင်တွယ်မှုအားနည်းခြင်း	-သင်တန်းများတက်များရောက်နိုင်မည်ဆိုပါက စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကိုယ်ပိုင်အရည်အချင်းများရှိခြင်း	-ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုတက်ရောက်ရန် ဌာနဆိုင်ရာများနှင့်ပူးပေါင်းမှုအားနည်းခြင်း -အဖွဲ့အစည်းအတွင်းချိတ်ဆက်မှုအားနည်းခြင်း	-လစဉ်ငွေစာရင်းရှင်းတမ်းများဆောင်ရွက်ခြင်း -အားနည်းချက်၊ အားသာချက်များအား ဆွေးနွေးခြင်း	-အဖွဲ့အစည်းအတွင်းရှိလူငယ်များအား ငွေစာရင်းသင်တန်းနှင့်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများတက်ရောက်စေခြင်း

အမျိုးသမီးအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	ကျေးရွာအမျိုးသမီးများမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကဏ္ဍတွင် နည်းပညာအားနည်းခြင်း	-မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာအသိပညာနည်းပါးခြင်း	-မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့အစည်းများဖွဲ့စည်းထားခြင်း	-နည်းပညာနှင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း	-သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း	-ပိုမိုကောင်းမွန်ထိရောက်သော အမျိုးသမီးအဖွဲ့အစည်းပေါ်ပေါက်လာရေးအတွက် သင်တန်းများတက်ရောက်ခြင်း -လက်ရှိအခြေအနေအား စမ်းစစ်ခြင်း၊သုံးသပ်ခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁။	လူမှုစီးပွားဘဝဖွံ့ဖြိုးမှုမရှိခြင်း	-အရောင်အဝယ်လုပ်ကိုင်ရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း -ကုန်ထုတ်လမ်းများဖောက်လုပ်နိုင်ခြင်းမရှိခြင်း	-လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက အရောင်းအဝယ်ကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်း	-စက်ယန္တရားမရှိခြင်း -ငွေကြေးခက်ခဲခြင်း	-ကျေးရွာတွင်းအစည်းအဝေးကျင်းပခြင်းနှင့် တတ်အားသရွေ့ကျေးရွာလုပ်အားဖြင့်လမ်းများဖောက်ခြင်း -ကျေးလက်လမ်းဦးစီးဌာန တို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း	-ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မည့်လမ်းအူကြောင်းရှာဖွေခြင်း၊အတည်ပြုခြင်း၊စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာဌာနသို့တင်ပြခြင်း

G_C

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဧယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ်အောက်	နို့စို့အရွယ်	၅	၅	၁၀
၁ နှစ် မှ ၄ နှစ်အထိ	၅ နှစ် အောက်ကလေးငယ်	၂၄	၁၆	၄၀
၅ နှစ် မှ ၉ နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၂၁	၂၆	၄၇
၁၀ နှစ် မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၂	၁၂	၃၄
၁၅ နှစ် မှ ၆၄ နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၉	၇၈	၁၄၇
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၄	၅	၉
စုစုပေါင်း		၁၄၅	၁၄၂	၂၈၇
စုစုပေါင်း အိမ်ထောင်စု - ၄၁				

ရင်းမြစ်....(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုပေါင်း(၄၁)အိမ်ရှိပြီး နို့စို့အရွယ်ကလေးငယ်(၁၀)ဦး သက်ကြီးရွယ်အို (၉)ဦးရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ကအလုပ်အကိုင်		အိမ်ကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူဦး(ရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင်လုပ်ငန်း	၄၁	၁၀၂	၆	လတ်
	အလုပ်သမား/ဝန်ထမ်း				နိမ့်
၂	တိရစ္ဆာန်မွေးမြူရေး				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	
	အလုပ်သမား/ဝန်ထမ်း				နိမ့်
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	နိမ့်
	အလုပ်သမား/ဝန်ထမ်း				နိမ့်

၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း				နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ် အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူဦး(ရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၅	စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၇	**လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၁	လက်လီ-လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်

၁၄	**ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၅	**အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှါးရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ် အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူဦး(ရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၁၆	**ပြဉ်သူဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၁၉	**လူမှုရေးလုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
၂၀	အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	
	အလုပ်သမား/ဝန်ထမ်း	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	နိမ့်
	အလုပ်သမား/ဝန်ထမ်း	–	–	–	နိမ့်
	စုစုပေါင်း				

ရင်းမြစ်.....(၁)အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် တောင်ယာစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။အစိုးရဝန်ထမ်း(၅)ဦးရှိပါသည်။ ကျပန်းလိုင်ကိုင်ကြသူများရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀		
၂	တိရစ္ဆာန်မွေးမြူးရေး	နေ့စား				
၃	ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	-	-
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ်.....ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု ၊ လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် လုပ်အားခနှုန်းမှာ အလွန်နည်းပါသည်။ ကျား၊မအလိုက်လုပ်အားခနှုန်းမှာလည်း အနည်းငယ်ကွဲပြားမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၄၀.၅	သင့်
ယာမြေ / တောင်ယာ		
ဥယျာဉ်ခြံမြေ	၃၅.၅	သင့်
ကိုင်း/ကျွန်းမြေ		-
ခနိတောမြေ		-
စားကျက်မြေ		-
မြေလွတ် မြေလပ်		
စုစုပေါင်း		

ရင်းမြစ်....(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။တောင်သူများသည် လယ်ယာမြေ(၄၀.၅)ဧက ကိုသာ အဓိကစိုက်ပျိုးလုပ်ကိုင်ကြသည်။ ဥယျာဉ်ခြံလည်းလုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။

(ဂ-၂)ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား(၅)ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	မရှိ	အသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	သင့်	လွယ်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်
သဘာဝတိရိစ္ဆာန်မျိုးစိတ်များ	နည်း	ခက်

ရင်းမြစ်----ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖ အုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်းပါက သဲ၊ကျောက်ထုတ်ယူသုံးစွဲနိုင်မှုပိုမိုလွယ်ကူနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) ဥ စွာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ ဧက	၃ ဧက	၁ ဧက	မပိုင်
အိမ်အခြေအနေ	သစ်ခင်း၊သစ်ကာ၊ သွပ်မိုး	သစ်ခင်း၊ဝါးထရံကာ၊ သွပ်မိုး	သစ်ခင်း၊ဝါးထရံကာ၊သက်ကယ်မိုး	ဝါးခင်း၊ဝါးထရံကာ၊သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	ဆန်စက် ဆိုင်ကယ် ခိုင်းနွား	ဆိုင်ကယ် ခိုင်းနွား	မပိုင်	မပိုင်
အဓိကဓိကစီးပွားရေးလုပ်ငန်း	တောင်သူ	တောင်သူ	ကျပန်း	ကျပန်း
အိမ်ထောင်စု	**၃**	**၃၀**	**၃**	**၅**

ရင်းမြစ်....(၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး လူနေမှုအအဆင့် အသင့်အတင့်ရှိသည်။ ကုန်ကြမ်းများရှိသော်လည်း ကုန်ထုတ်လုပ်မှုနည်းပညာအားနည်းနေသည်ကိုတွေ့ရှိရသည်။ စီးပွားရေးလုပ်ငန်းမှာ ပုံမှန်ဝင်ငွေလည်ပတ်မှုမရှိသောကြောင့် အခက်အခဲများကြုံတွေ့နေကြောင်း တွေ့ရှိရသည်။

၂၀

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ခေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ(ဥ စွာဓန အဆင့် ၃နှင့် ၄ အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၃	ချေးယူ၊လုပ်အားခကြိုယူ
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		

ရင်းမြစ်..ဥ စွာဓနအဆင့် (၃) နှင့်(၄) အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီးအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ အဟာရပြည့်ဝစေရေးအတွက် လိုအပ်သောဆေးဝါးအထောက်အပံ့များ၊ အသိပညာ
ပေးခြင်းများ ဆောင်ရွက်ပေးသင့်ကြောင်း တွေ့ရှိရပါသည်။

(ဇ-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်အထက်	-	-	-
မိသားစု/ရက်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု	၁		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း -ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်အကိုင်ရှာပါးမှုကြောင့် အခြားဒေသသို့ သွားရောက်လုပ်
ကိုင်ရသဖြင့် မိသားစုကူညီစောင့်ရှောက်ရာတွင် အခက်အခဲများရှိကြောင်းတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား**	**ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)**
၁	စားနပ်ရိက္ခာ မဖူလုံမှု	နိမ့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊စိုက်ပျိုးရေး)	မြင့်
၃	ရေကြီးခြင်း	မရှိ

၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မြင့်
၆	မုန်တိုင်း	နိမ့်
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊မြေဆီလွှာ ပျက်ယွင်းမှု	နိမ့်
၁၁	သစ်တောပြုန်းတီးခြင်း	နိမ့်
၁၂	ငှက်ဖျားရောဂါ	နိမ့်
၁၃	တီဘီရောဂါ	နိမ့်
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	နိမ့်
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့်

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တစ်နှစ်ပတ်လုံးစားနပ်ရိက္ခာဖူလုံစေရန် စိုက်ပျိုးရေးနည်းပညာများ လိုအပ်နေပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စ	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု

ဥ		(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မရှိ
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	နိမ့်
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	နိမ့်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	နိမ့်
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ(Prone to accident)တွင်နေထိုင်သူများ	နိမ့်
၇	ပြည်တွင်းနေရပ်သစွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	နိမ့်
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	နိမ့်
၉	ငါးကန်ပိုင်ရှင်များ	မရှိ
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်
၁၁	လူနည်းစုလူမျိုးများ	နိမ့်
၁၂	ဒေသတွင်းမဋ္ဌိပက္ခ ဧရိယာတွင် နေထိုင်သူများ	မရှိ
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ
၁၄	ရွှေတွင်းလုပ်သားများ	မရှိ
၁၅	ဆေးစွဲသူများ	နိမ့်
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မရှိ
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မရှိ
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ
၁၉	ရွှေ့ပြောင်းလုပ်သားများ	နိမ့်
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မရှိ

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လက်လုပ်လက်စားလုပ်ကိုင်နေရသူများမှာ အလုပ်အကိုင်ရှားပါသဖြင့် စားဝတ်နေရေးခက်ခဲကြောင်း တွေ့ရှိရပါသည်။

(၂) **ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**

(က) ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ အခြေအနေ

(က-၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

